# ကရင်ပြည်နယ်လွှတ်တော်

## ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေ
## (၂၀၁၂ ခုနှစ်)

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းခြင်း | ၂ | - |
| ၄ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း | ၃ | - |
| ၄ | အခန်း(၄) ကော်မတီ၏လုပ်ငန်းတာဝန်များ | ၃ | ၅ |
| ၅ | အခန်း(၅) ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၅ | ၆ |
| ၆ | အခန်း(၆) အခွန်စည်းကြပ်ကောက်ခံခြင်း | ၆ | ၇ |
| ၇ | အခန်း(၇) စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း | ၇ | ၁၀ |
| ၈ | အခန်း(၈) အနေ့းယာဉ်များစီမံခန့်ခွဲခြင်း | ၁၀ | - |
| ၉ | အခန်း(၉) ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း | ၁၁ | ၁၂ |
| ၁၀ | အခန်း(၁၀) တိရစ္ဆာန်များသတ်ဖြတ်မှုကိုစီမံခန့်ခွဲခြင်း | ၁၂ | ၁၃ |
| ၁၁ | အခန်း(၁၁) ကြီးကြပ်ခြင်း | ၁၃ | ၁၄ |
| ၁၂ | အခန်း(၁၂) အယူခံဝင်ခြင်း | ၁၄ | - |
| ၁၃ | အခန်း(၁၃) ဘဏ္ဍာရေး | ၁၅ | - |
| ၁၄ | အခန်း(၁၄) ဝန်ထမ်းဖွဲ့စည်းပုံ | ၁၅ | ၁၆ |
| ၁၅ | အခန်း(၁၅) ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း | ၁၆ | - |
| ၁၆ | အခန်း(၁၆) တားမြစ်ချက်များ | ၁၆ | ၁၉ |
| ၁၇ | အခန်း(၁၇) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း | ၁၉ | - |
| ၁၈ | အခန်း(၁၈) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၉ | ၂၆ |
| ၁၉ | အခန်း(၁၉) အထွေထွေ | ၂၆ | ၂၇ |

# ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေ
## (၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆ ။)
## ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

### နိဒါန်း

ကရင်ပြည်နယ်လွှတ်တော်သည် ပြည်နယ်အတွင်းစည်ပင်သာယာရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ အမှတ်စဉ် ၁ (င)၊ အမှတ်စဉ် ၈(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကရင်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်-

(က) **စည်ပင်သာယာရေးအဖွဲ့များ**ဆိုသည်မှာ စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ် ဖွဲ့စည်းထားသောအဖွဲ့များ ကိုဆိုသည်၊ ယင်းစကားရပ်တွင် ကော်မတီ၊ ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်၊

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) ဝန်ကြီးချုပ် ဆိုသည်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်၊

(ဃ) ဝန်ကြီးဌာန ဆိုသည်မှာ ကရင်ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဆိုသည်၊

(င) ဝန်ကြီး ဆိုသည်မှာ ကရင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးကို ဆိုသည်၊

(စ) ညွှန်ကြားရေးမှူး ဆိုသည်မှာ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးကိုဆိုသည်၊

(ဆ) ကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဇ) ဝန်ထမ်းအဖွဲ့ ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(ဈ) အမှုဆောင်အရာရှိ ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းအကြီးအကဲကိုဆိုသည်၊

(ည) **မြို့နယ်ခွဲတာဝန်ခံ** ဆိုသည်မှာ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ရှိ ဝန်ထမ်းအကြီးအကဲကိုဆိုသည်၊

(ဋ) **စည်းကမ်းများ** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကရင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနက ထုတ်ပြန်သော စည်းကမ်းများကိုဆိုသည်၊

(ဌ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကိုဆိုသည်၊

(ဍ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့်အခွန်ကိုဆိုသည်၊ ယင်းစကားရပ်တွင်အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်၊

(ဎ) **အငှားယာဉ်** ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်ပစ္စည်းကို အခကြေးငွေယူ၍သယ်ယူပို့ဆောင်ခြင်း၊ အငှားလိုက်ခြင်း ဆောင်ရွက်သည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကိုအသုံးပြုသော ဘီးတပ်ယာဉ်ကိုဆိုသည်၊

(ဏ) **အငှားယာဉ်မောင်း**ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကိုဆိုသည်၊

(တ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကိုဆိုသည်၊ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်းပါဝင်သည်။

## အခန်း(၂)
## စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် ကရင်ပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့နယ်ခွဲတစ်ခုကိုဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်း မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံးဆောင်ရွက်နိုင်ရန် ကော်မတီကို ဝန်ထမ်းမဟုတ်သော သင့်လျော်သည့် နိုင်ငံသား အဖွဲ့ဝင်အနည်းဆုံး ၃ ဦးမှ အများဆုံး ၅ ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊ လိုအပ်ပါက အဖွဲ့ဝင်ဦးရေကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဝန်ကြီးဌာနသည် ကော်မတီကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေး နယ်နိမိတ်တွင် နေထိုင်သော သင့်လျော်သည့်နိုင်ငံသားများကို အများပြည်သူ၏ သဘောဆန္ဒအရဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေရွေးချယ်ရမည်။

၆။ ကော်မတီဥက္ကဋ္ဌကို ကော်မတီအဖွဲ့ဝင်များ၏ ဆန္ဒနှင့်အညီ ကော်မတီအဖွဲ့ဝင်များအနက်မှ ရွေးချယ်ရမည်။

၇။ အမှုဆောင်အရာရှိသည် ရာထူးအလျောက် ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

၈။ ဝန်ကြီးဌာနသည် ကော်မတီအဖွဲ့ဝင်များ၏ ရပိုင်ခွင့်များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးနိုင်သည်။

၉။ ဝန်ကြီးဌာနသည် ကော်မတီကိုဖွဲ့စည်းခြင်း မပြုနိုင်သေးလျှင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့်ကော်မတီသည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခြေအနေတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အမှုဆောင်အရာရှိအား ကျင့်သုံးဆောင်ရွက်စေရမည်။

၁၀။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) မြို့ပြစီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ ပုဂ္ဂလိကရေပေးရေးလုပ်ငန်းများဆောင်ရွက်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) မြို့ပြ၊ ကျေးလက်တို့တွင် ခေတ်မီမိလ္လာကန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေရန် ကြီးကြပ်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကုန်တိုက်များ၊ စတိုးဆိုင်များ၊ မီနီမားကတ်များ လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဈ) ကျွဲ၊ နွား၊ ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ည) လမ်းဘေးဈေးဆိုင်များ၊ ပုဂ္ဂလိကအိမ်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) မုန့်ဖိုများ၊ စားသောက်ဆိုင်များကြီးကြပ်ခြင်း၊

(ဌ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများကြီးကြပ်ခြင်း၊

(ဍ) အသား၊ ငါးရောင်းချခြင်းကို ကြီးကြပ်ခြင်း၊ သားသတ်ရုံများ တည်ထောင်ခြင်းနှင့် ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်း၊ ပွဲရုံလုပ်ငန်း၊ ကုန်စည်ဒိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(တ) ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ထ) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဒ) အငှားယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဓ) လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊

(န) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု လမ်းအမည် အဆောက်အဦအမှတ်တို့ကို သတ်မှတ်ခြင်း၊

(ပ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အဦများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဗ) ကျူးကျော်အဆောက်အဦများ ဖျက်သိမ်းစေခြင်း၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်း၊

(ဘ) တည်းခိုခန်းများ၊ ဘော်ဒါဆောင်များ၊ ခန်းမများဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ အင်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(မ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ယ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(ရ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း သုတ်သင်ရှင်းလင်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(လ) မြို့သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဝ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊

(သ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် မီးသင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဟ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များကို ရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့်သုသာန်မြေကို အခြားနည်း အသုံးပြုခြင်း၊

(ဠ) သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(အ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၂။ ကော်မတီသည်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သောအခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) အစိုးရအဖွဲ့ထံမှ ဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ ဥပဒေ၊နည်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ချေးငွေရယူခြင်း၊ အထောက်အပံ့များရယူခြင်း၊ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေနှင့်အညီ ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ချေးငွေရယူခြင်း၊ အထောက်အပံ့များရယူခြင်း၊ အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ အဆောက်အဦများငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရရှိသည့် နိုင်ငံခြားငွေအပါအဝင် ဝင်ငွေများကို ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(င) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အဦများမှအပ နိုင်ငံပိုင်အဆောက်အဦများ ဆောက်လုပ်ခြင်း။

၁၃။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမိန့်နှင့် ညွှန်ကြားချက်များ ရေးဆွဲတင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၆)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၅။ ကော်မတီသည်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံရမည် -

(က) အဆောက်အဦနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်ခွန်၊ အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့် ဝန်တင် တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်၊ ရပ်နားသော ယာဉ်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေအရ ခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည်-

(က) အဆောက်အဦနှင့် မြေခွန်တို့ကိုစည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်း ထက်မပိုစေရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အဦနှင့် မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကိုလက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရအဖွဲ့က စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အဦနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အဦနှင့် မြေမှုဝင်ငွေအားလုံး၏ တစ်ဆယ်ရာခိုင်နှုန်း ထက်မပိုစေရန်။

။ ကော်မတီသည်ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် အဆောက်အဦနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် အဆောက်အဦနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

။ ကော်မတီသည်ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးဆိုင်ရာလိုင်စင်ခများ၊ အဖွဲ့ပိုင် ဈေးများမှ ဆိုင်ခန်းခများ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

ကော်မတီသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သောအခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် ချုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊

(ခ) နိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကိုကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စီမံခန့်ခွဲရေးငွေဒဏ် တပ်ရိုက်ခြင်း သို့မဟုတ် လိုအပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း၊

(ခ) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရန် ကောလိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၇)

## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၀။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အဦ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါ ကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အဦပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အဆောက်အဦများဆောက်လုပ်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် နှစ်ထပ်အထိလည်းကောင်း၊ ညွှန်ကြားရေးမှူးသည် သုံးထပ်မှ ငါးထပ်အထိလည်းကောင်း၊ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးထပ်နှင့်အထက်ကိုလည်းကောင်း ဆောက်လုပ်ခွင့်ပြုစေခြင်းနှင့်စည်းကမ်းနှင့်ညီညွတ်မှုမရှိပါက အဆောက်အဦဆောက်လုပ်သည်ကိုရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်းနှင့် ဖျက်သိမ်းစေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သောလမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံစသည်များအပေါ်တွင် အဆောက်အဦဖြစ်စေ၊ အဆောက်အဦ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သောလမ်း၊ တံတား၊ ရေမြောင်း၊ အဆောက်အအုံ၊ လူသွားစင်္ကြံများတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံနွယ်များကို ခုတ်ယှဉ်ရှင်းလင်းစေခြင်း၊ ချိုင့်ခွမ်းများကိုမြေဖို့စေခြင်း၊

(ဇ) နေအိမ်ခြံစည်းရိုးပတ်လည်ရှိ ရေဆိုးမြောင်းများအား ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်စေခြင်း၊

(ဈ) မီးပွားရေးအမှိုက်နှင့် ခြံထွက်အမှိုက်များအား စနစ်တကျ စွန့်ပစ်စေခြင်း။

၂၁။ ပုဒ်မ ၂၀ ပုဒ်မခွဲ (င) (စ) (ဆ) (ဇ) နှင့် (ဈ) တို့အရ လိုက်နာဆောင်ရွက်ရသော လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့်နှင့် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၂။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာ ရေညစ်အကြောင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ရေကန်၊ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သော လမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့်ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကိုပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေဆိုးများကောင်းစွာ စွန့်ထုတ်နိုင်ရေးအတွက်မြေကို ပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိလျှင်ဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိလျှင်ဖြစ်စေ

ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာကန်၊ မိလ္လာပိုက်စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) အများပြည်သူ အသုံးပြုသည့် မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်သော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်အား ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) အများပြည်သူ အသုံးပြုသည့် မိလ္လာပိုက၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေမှ ဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူမှ နစ်နာသူအား ပေးလျော်စေခြင်း။

၂၃။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အဆောက်အဦ ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီစုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံးများ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှပိတ်ထားစေခြင်း၊

(ဂ) မြေအောက်ရေတူးဖော် အသုံးပြုခြင်းလုပ်ငန်းအား ခွင့်ပြုမိန့်ရယူဆောင်ရွက်စေခြင်း၊

(ဃ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အဦကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(င) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အဦများကို ကျန်းမာရေး၊ သန့်ရှင်းသပ်ရပ်ရေးတို့နှင့်ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်၌ အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် ယင်းလုပ်ငန်းနေရာကို အသုံးမပြုရန် တားမြစ်ခြင်း သို့မဟုတ် ပြင်ဆင်စီမံ ဆောင်ရွက်စေခြင်း။

၂၄။ ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား ညွှန်ကြားနိုင်သည်-

(က) တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အုတ်၊ သဲ၊ ကျောက်၊ မြေ၊ ထုံး၊ သစ် နှင့် အခြားပစ္စည်းများ သယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားမဆိုသတ်မှတ် လမ်းကြောင်းအတိုင်းသာ မောင်းနှင်စေခြင်း၊

(ခ) မည်သည့်သယ်ယူပို့ဆောင်သည့် ယာဉ်အမျိုးအစားမဆို လုပ်ငန်းသုံးပစ္စည်းများကို လွင့်စင်ယိုဖိတ်ခြင်း မရှိစေရန် သယ်ဆောင်စေခြင်း၊

(ဂ) အများပြည်သူဆိုင်ရာ လမ်းများပေါ်သို့ လုပ်ငန်းသုံးပစ္စည်းများ လွင့်စင်ယိုဖိတ်ခြင်း၊ ဖရိုဖရဲကျရောက်ခြင်းကြောင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက် နှောင့်ယှက်မှုများ၊ မြို့သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(ဃ) ယာဉ်ရပ်နားစခန်းများ၊ ကုန်တင်ယာဉ်ရပ်နားစခန်းများ၊ ကုန်စည်လုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း။

၂၅။ ကော်မတီသည် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ် များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဂ) ပိတ်သိမ်းပြီးသုသာန်မြေအား အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ အခြားနည်းဖြင့် အသုံးပြုစေခြင်း။

## အခန်း(၈)
## အငှားယာဉ်များစီမံခန့်ခွဲခြင်း

၂၆။ ကော်မတီသည် အငှားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) အငှားယာဉ် အမျိုးအစားအလိုက်စည်းကမ်းများရေးဆွဲတင်ပြခြင်း၊

(ခ) အငှားယာဉ် လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အငှားယာဉ်မောင်းလိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အငှားယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၇။ ကော်မတီမှ ထုတ်ပေးသော လိုင်စင်ရရှိသူသာ အငှားယာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၂၈။ ကော်မတီမှ ထုတ်ပေးသော လိုင်စင်ရရှိသူသာ အငှားယာဉ်မောင်းခွင့်ရှိသည်။

၂၉။ အငှားယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်း နှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၉။ ကော်မတီသည်ဝန်ကြီးဌာန ၏ခွင့်ပြုချက်အရ မိမိမြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြီးကြပ်သူအဖြစ် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကိုဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းနှင့် မသက်ဆိုင်သော ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကို လျှော့ပေါ့ရန်၊ ကင်းလွတ်ခွင့်ပြုရန်ညှိနှိုင်းဆောင်ရွက်မှုအပေါ် ကူးတို့လုပ်ငန်းလိုင်စင်ရှိသူအား ဆောင်ရွက်စေခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း။

၃၀။ ညှိနှိုင်းရေးမှူးသည် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ် များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ ကြီးကြပ်သူအဖြစ် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကိုဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအားခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖေါက်ဖျက်ခြင်းနှင့်မသက်ဆိုင်သော ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကို လျှော့ပေါ့ရန်၊ ကင်းလွတ်ခွင့်ပြုရန်ညှိနှိုင်းဆောင်ရွက်မှုအပေါ် ကူးတို့လုပ်ငန်းလိုင်စင်ရှိသူအား ဆောင်ရွက်စေခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း။

၃၂။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်၊ ထိုသို့ဆောင်ရွက်ရာတွင် ကော်မတီဖွဲ့စည်းပြီးပါက ကော်မတီ၏အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) ကူးတို့လုပ်ငန်းကိုအုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူသက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက်အစီအမံများပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့နယ်နိမိတ်တစ်ခုအတွင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်၊ ယင်းနှင့်သက်ဆိုင်သောပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ပြင်ဆင်ထိန်းသိမ်းရန်အမှုဆောင်အရာရှိ သို့မဟုတ် ကော်မတီဖွဲ့စည်းပြီးပါက ကော်မတီ၏ အတည်ပြုချက်ဖြင့်ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သည့် ကူးတို့ရေယာဉ်၊ ယင်းနှင့်သက်ဆိုင်သည့်ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ ဆက်လက်အသုံးမပြုရန် အမှုဆောင်အရာရှိ သို့မဟုတ် ကော်မတီဖွဲ့စည်းပြီးပါက ကော်မတီ၏အတည်ပြုချက်ဖြင့် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ် သို့မဟုတ် ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား အငြင်းပွားမှုများကိုလိုအပ်သလို ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ပေးရမည်။

## အခန်း(၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကိုစီမံခန့်ခွဲခြင်း

၃၇။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်သည့်နေရာတွင် အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၃၈။ အသားဈေးနှုန်းများ ကျဆင်းရေးအတွက် ယှဉ်ပြိုင်ဈေးကွက်ကို ဖော်ဆောင်ရမည် ဖြစ်ရာ သားသတ်လိုင်စင်များချထားခြင်း၊ အသားဈေးနှုန်း သတ်မှတ်ခြင်းတို့ကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ရန်ဖြစ်သည် -

(က) မြို့ပေါ် ဈေးများတွင် တစ်ဈေးလျှင် လိုင်စင်တစ်ခုဖြင့် ချထားပေးရန်၊

(ခ) မွေးမြူရေးဇုန်များတွင် အသားအမျိုးအစားအလိုက် လေလံစနစ်ဖြင့် လိုင်စင် ချထားပေးနိုင်ရန်၊

(ဂ) အသားဈေးနှုန်းကို -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊

(၂) မြို့နယ်အမှုဆောင်အရာရှိ၊

(၃) မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊

(၅) သားသတ်လိုင်စင်ရရှိသူများ၊

(၆) မွေးမြူရေးဇုန်များနှင့် တစ်ပိုင်တစ်နိုင်ထုတ်လုပ်သူများပါဝင်သည့် အဖွဲ့ဖြင့် ညှိနှိုင်း သတ်မှတ်ပေးရန်။

၃၉။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့်အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ရန်အမိန့်ကို အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၀။ အစိုးရအဖွဲ့သည် ပုဒ်မ ၃၇ ပါ တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ ပုဒ်မ ၃၇ သို့မဟုတ် ၃၉ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွားကိုသတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကိုသတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့ကိုပြုနိုင်သည်။

## အခန်း(၁၁)
## ကြီးကြပ်ခြင်း

၄၂။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သောညွှန်ကြားမှု၊ ကြီးကြပ်မှုကိုပြုနိုင်သည်။

၄၃။ ဝန်ကြီးသည် ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားမှု၊ ကြီးကြပ်မှုကို ပြုနိုင်သည်။

၄၄။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို စိစစ်၍ ဝန်ကြီးမှတစ်ဆင့်ဝန်ကြီးချုပ်ထံ တင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်း ကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ပိုမိုချောမွေ့ အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သောလုပ်ငန်းများ၊အဆောက်အဦများ၊ အမှုတွဲများ၊ စာရွက်စာတမ်းအထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့်တွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီးတွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၅။ (က) ပုဒ်မ ၁၆၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ) (င) (စ)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) (ဃ) (ဆ) (ဇ)၊ ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) (င)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၀ တို့အရ ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ တို့အရ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(ခ) ပုဒ်မ ၆၈ အရ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ (က)အရအမှုဆောင်အရာရှိက တပ်ရိုက်သည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တို့ကို မကျေနပ်သူသည်ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၄၆။ ပုဒ်မ ၃၁၊ ၄၅ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါကယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၄၇။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၃)

## ဘဏ္ဍာရေး

၄၈။ ဝန်ကြီးချုပ်သည် စည်ပင်သာယာရေးအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြုရမည်၊ ဝန်ကြီးချုပ် အတည်ပြုထားသောအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ အခွန်အခများကောက်ခံသုံးစွဲခွင့်ရှိသည်။

၄၉။ ညွှန်ကြားရေးမှူးသည် -

(က) အမှုဆောင်အရာရှိများမှ တင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ဂိစစ်ရေးဆွဲရမည်၊

(ခ) အဆိုပါ နှစ်စဉ်အရအသုံးမှန်းခြေ ငွေစာရင်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်၊

(ဂ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံး ပြီးရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၅၀။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် -

(က) ငွေစာရင်းလုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲနိုင်သည်၊

(ခ) အသုံးပြုရန် မလိုအပ်သေးသည့် ရန်ပုံငွေကို တိုးပွားရန်သတ်မှတ်ချက်နှင့်အညီဆောင်ရွက်နိုင်သည်။

၅၁။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးချုပ်၏ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း(၁၄)

## ဝန်ထမ်းဖွဲ့စည်းပုံ

၅၂။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံ လျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲ၍ အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူပြီး ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅၃။ ဝန်ကြီးဌာနသည် -

(က) ဝန်ထမ်းများခန့်ထားရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထားသော ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်၊

(ခ) ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ရန် ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၅၄။ ဝန်ထမ်းများအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသော ဝင်ငွေ၏ သုံးဆယ်ရာခိုင်နှုန်းထက်မကျော်လွန်ခြင်း မရှိစေရ။

၅၅။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူခြင်း၊ လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စ၊ ပြည်တွင်းပြည်ပသင်တန်းတက်ရောက်ရေးကိစ္စ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ ဌာနအဖွဲ့အစည်းများ၏ ညှိနှိုင်းတင်ပြလာမှုအပေါ် ဝန်ကြီးမှ စိစစ်ပြီး အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ဆောင်ရွက်ပေးနိုင်သည်။

## အခန်း(၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၇။ ဝန်ကြီးဌာနသည် အမှုဆောင်အရာရှိက ငွေစာရင်းများကို စနစ်တကျထိန်းသိမ်းထားနိုင်ရန် လိုအပ်သလို စစ်ဆေးခြင်းပြုနိုင်သည်၊ လိုအပ်ပါက ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်နယ်စာရင်းစစ်ချုပ် နှင့်ညှိနှိုင်း သတ်မှတ်ပြီး ယင်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်စေရမည်။

၅၈။ စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်မှ ထိန်းသိမ်းထားရှိသည့် ရန်ပုံငွေစာရင်းများကို ပြည်နယ် စာရင်းစစ်ချုပ်ကတာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း(၁၆)
## တားမြစ်ချက်များ

၅၉။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံ တစ်ခုခုပေါ်တွင် ကျူးကျော်၍အဆောက်အဦကိုဖြစ်စေ၊ အဆောက်အဦ၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံ တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း၊ နေလှန်းခြင်း မပြုရ၊

(ဂ) သဘာဝပေါက်ပင်များ၊ အရိပ်ရပင်များ၊ ပန်းပင်များနှင့် မြေယာရှုခင်းအလှများကို ခုတ်ထွင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်းမပြုရ။

၆၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျတ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ၊

(ဂ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေးစသည်တို့ကို လမ်း၊ လမ်းမြေ၊ လူသွားစင်္ကြံနှင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန် သို့မဟုတ် စွန့်ပစ်ရန်သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သော လမ်းမရှိသည့် မြေပေါ်တွင် အဆောက်အဦများဆောက်လုပ်ခြင်းမပြုရ။

၆၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အဦတစ်ခုခုကိုဆောက်လုပ်ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်း၊တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်း မပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၂။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍မထားရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို ၁၂ နာရီထက် ကျော်လွန်၍ မထားရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို သဂြိုဟ်ခြင်း မပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ ဘော်ဒါဆောင်၊ ခန်းမ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(င) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ် လုပ်ငန်းတည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) ကုန်တိုက်များ၊ စတိုးဆိုင်များ၊ မီနီမားကက်များ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုခုတွင်

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၆၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်း မပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်လျှင် အခြားနည်းလမ်းဖြင့်သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောနေရာကို ပြန်လည် တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်း မပြုရ၊

(ဃ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း မပြုရ၊

(င) ရေခဲနှင့် အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်း၊ ပွဲရုံ၊ ကုန်စည်ဒိုင်လုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၆။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ထမ်းဆောင်ရန် မြေ သို့မဟုတ် အဆောက်အဦအတွင်းသို့ နေ့အချိန်ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(၂) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွယ်နေသည့်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်လျှင် ပိတ်ပင်ခြင်း၊ တားဆီးနှောက်ယှက်ခြင်း မပြုရ။

## အခန်း(၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း

၆၈။ ကော်မတီသည် ပုဒ်မ ၇၃ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကို လည်းကောင်း လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် ချမှတ်နိုင်သည်။

၆၉။ ကော်မတီသည် ပုဒ်မ ၇၃ တွင် မည်သို့ပင် ပြဋ္ဌာန်းစေကာမူ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၁၀၀၀ မှအများဆုံးကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။

၇၀။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့် ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၁။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန်ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၇၂။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း(၁၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၃။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကို လည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း၊ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၉ (ဏ) | အဆောက်အဦနှင့်မြေခွန်စည်းကြပ်ကောက်ခံခြင်း၊ |
| ၁၉ (တ) | ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန် စည်းကြပ်ကောက်ခံခြင်း၊ |
| ၁၉ (ထ) | ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များအပေါ် စည်းကြပ်ကောက်ခံခြင်း၊ |
| ၁၉ (ဒ) | ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များအပေါ် စည်းကြပ်ကောက်ခံခြင်း၊ |
| ၁၉ (ဓ) | စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များစည်းကြပ်ကောက်ခံခြင်း၊ |
| ၂၀ | အခွန်ကြွေးကျန်များမဖြစ်စေရန် လိုက်နာစေခြင်း၊ |
| ၂၀ (က) | အဆောက်အဦ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၂၀ (ခ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၂၀ (ဂ) | သစ်ပင်၊ ချုံနွယ်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ |
| ၂၀ (ဃ) | နေအိမ်ခြံစည်းရိုးပတ်လည် ရေဆိုးမြောင်းများအား ရေစီးရေလာကောင်းအောင် ဆောင်ရွက်စေခြင်း၊ |
| ၂၀ (င) | စီးပွားရေးအမှိုက်နှင့် ခြံထွက်အမှိုက်များအား စနစ်တကျစွန့်ပစ်စေခြင်း၊ |
| ၂၂ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၂၂ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူလမ်း နှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (ဃ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (င) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်လျှင် မြေ ပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၃ (က) | အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီစုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံးများ စီမံထားရှိစေခြင်း၊ |
| ၂၃ (ခ) | မြေအောက်ရေတူးဖော် အသုံးပြုခြင်းလုပ်ငန်းအား ခွင့်ပြုမိန့်ရယူဆောင်ရွက်စေခြင်း၊ |
| ၂၃ (ဂ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အဦကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |

| ပုဒ်မ/ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၇ (က) | တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အုတ်၊ သဲ၊ ကျောက်၊ မြေ၊ ဆုံး၊သစ် နှင့်အခြားပစ္စည်းများ သယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားမဆို သတ်မှတ် လမ်းကြောင်းအတိုင်းသာ မောင်းနှင်စေခြင်း၊ |
| ၂၇ (ခ) | မည်သည့်သယ်ယူပို့ဆောင်သည့် ယာဉ်အမျိုးအစားမဆို လုပ်ငန်းသုံးပစ္စည်းများကို လွင့်စင် ယိုဖိတ်ခြင်းမရှိစေရန် သယ်ဆောင်စေခြင်း၊ |
| ၂၇ (ဂ) | မည်သူမျှ အများပြည်သူဆိုင်ရာ လမ်းများပေါ်သို့ လုပ်ငန်းသုံးပစ္စည်းများ လွင့်စင်ယိုဖိတ်၊ ဖရိုဖရဲကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက် နှောင့်ယှက်မှုများ၊ မြို့သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက် စေခြင်း၊ |
| ၂၇ (ဃ) | ယာဉ်ရပ်နားစခန်းများ၊ ကုန်တင်ယာဉ်ရပ်နားစခန်းများ၊ ကုန်စည်လုပ်ငန်းများ လုပ်ကိုင် စေခြင်း၊ |
| ၂၈ | အနေ့ယာဉ်လိုင်စင်ရှိသူသာ အနေ့ယာဉ်တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၉ | အနေ့ယာဉ်မောင်းလိုင်စင်ရှိသူသာ အနေ့ယာဉ်မောင်းနှင်ခြင်း၊ |
| ၂၉ | အနေ့ယာဉ်ပိုင်ရှင်နှင့် အနေ့ယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၅၉ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင် လည်းကောင်း ပိတ်ဆို့၍ ပစ္စည်းများခင်းကျင်းခြင်း၊ ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဂ) | အမှိုက်၊ မိလ္လာ၊ အညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဃ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို စည်းကမ်းများနှင့် ညီညွတ်မှုမရှိလျှင် ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြု ရန် တားမြစ်ခြင်း၊ |
| ၆၆ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြု ရန် တားမြစ်ခြင်း။ |

ရှင်းလင်းချက်။ အထက်ဖော်ပြပါဇယားစာတိုင်(၂)ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါပြစ်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲသက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၃၄။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံးကျပ် ၃၀၀၀၀ မှ အများဆုံးကျပ် ၃၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၀ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အဦဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်း၊ |
| ၂၀ (ခ) | အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံပေါ်တွင် အဆောက်အဦကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၂၀ (ဂ) | လမ်း၊ တံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အဦ သို့မဟုတ် အဆောက်အဦအစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊ |
| ၂၀ (ဃ) | အန္တရာယ်ရှိသော အဆောက်အဦကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၂၂ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦတို့မှ ရေဆိုးများထုတ်ပစ်ရန် မြေကိုပြုပြင်စေခြင်း၊ |
| ၂၂ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၂ (ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေပေးစေခြင်း၊ |
| ၂၃ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊ |
| ၂၃ (ဃ) | တည်းခိုခန်း၊ အခန်းလိုက်ငှားသော အဆောက်အဦကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၅ (က) | အသုံးပြုရန် မသင့်သည့်သုသာန်မြေကို ပိတ်သိမ်းထားစေခြင်း၊ |
| ၃၁ (ဃ) | ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်းအပေါ် လိုက်နာမှုမရှိခြင်း၊ |
| ၃၁ (ဈ) | ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်းကို လိုက်နာမှုမရှိခြင်း၊ |
| ၃၁ (ည) | တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ လျော့ပေါ့ခြင်းကင်းလွတ်ခွင့်ပြုစေခြင်း၊ |
| ၃၂ (ဂ) | ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူသက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအမံများပြုလုပ်စေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၄၁ | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခွင့်ပြုစေခြင်း၊ |
| ၅၉ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံပေါ်တွင် အဆောက်အဦ ကျူးကျော် ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (ဂ) | သစ်ပင်များ၊ အရိပ်ရပင်၊ ပန်းအလှပင်၊ မြေယာရှုခင်းအလှများကို ခုတ်ထွင်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဃ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (င) | ဝင်ထွက်နိုင်သည့် လမ်း မရှိသည့်မြေပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (က) | အဆောက်အဦဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ဃ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ် ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၂ (က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍မထားရန် တားမြစ်ခြင်း၊ |
| ၆၂ (ခ) | ကူးစက်တတ်သော ရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီကျော်လွန် ၍ မထားရန်တားမြစ်ခြင်း၊ |
| ၆၂ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်း ကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ ဘော်ဒါဆောင်၊ ခန်းမတည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ခ) | စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့်ယိုစုံထုတ် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃(ဃ) | ကုန်တိုက်များ၊ စတိုးဆိုင်များ၊ မီနီမားကက်များ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊ |
| ၆၆ (က) | ကိုယ်ပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ ခြင်းမပြုရ၊ |
| ၆၆ (ဃ) | ကွင်း၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း မပြုရ၊ |
| ၆၆ (င) | ရေခဲနှင့်အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (စ) | အပေါင်ဆိုင်လုပ်ငန်း၊ ပွဲရုံ၊ ကုန်စည်ဒိုင်လုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၃၅။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၃ (စ) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |
| ၂၅ (ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၆၄ (က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၄ (ခ) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်လျှင် အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယားစာတိုင်(၂)ပြဋ္ဌာန်းချက် အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည်သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၇၆။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကို လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀၀ မှ အများဆုံးကျပ် ၃၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်းခံရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၃ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး နောက်တွင်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၃၀၀၀ ချမှတ်ခြင်းခံရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၄ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး နောက်တွင်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်း ပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၅၀၀၀ ချမှတ်ခြင်းခံရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၇၅ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး နောက်တွင်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန် ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀၀ မှ အများဆုံးကျပ် ၃၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်းခံရမည်။

၈၁။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားများကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏အသား သို့မဟုတ် သားရေကို လက်ဝယ် ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ် ထက်မပိုသော ပြစ်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင် သည်၊

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်မှတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၂။ (က) ပုဒ်မ ၃၉ ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသော အမှုများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်၊

(ခ) ပုဒ်မခွဲ(က) အရ စွဲဆိုသော အမှုများမှအပ ဤဥပဒေအရ စွဲဆိုထားသောအမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီမှ တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်က တရားစွဲဆိုရမည်။

၈၃။ ညွှန်ကြားရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီ ကို တောင်းခံရယူနိုင်သည်၊ ထိုကဲ့သို့တောင်းခံပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၈၄။ ညွှန်ကြားရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ အကူအညီကို တောင်းခံရယူနိုင်သည်၊ ထိုကဲ့သို့တောင်းခံလာပါက ဌာန အဖွဲ့အစည်းများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက အကူအညီပေးရမည်။

## အခန်း(၁၉)
## အထွေထွေ

၈၅။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသော အဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသော အဖွဲ့များသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးဌာနသည် စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်သောလုပ်ငန်းများနှင့် ဆက်နွယ်သော အခြားအစိုးရဌာန တစ်ခုခု၏လုပ်ငန်း ဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်၊ အခများမှ သင့်လျော်သော အခွန်၊ အခအချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

၈၇။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့ပိုင်ရန်ပုံငွေကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ ကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၈၈။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အဦးများမှအပ အခြားနိုင်ငံပိုင်အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာကော်မတီသို့ ကြိုတင် အကြောင်းကြားရမည်။

၈၉။ စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည်ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်သော အမိန့်၊ စည်းကမ်းများနှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

၇၊၁၇၊၁၇

ဇော်မင်း

ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့